# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၃) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁–၆–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ ထီးချိုင့်မြို့မဈေးလမ်း အနောက်ဘက်ရှိ စားသုံးသူရေးရာ ဦးစီးဌာနပိုင် လက်ရှိအသုံးမပြုသေးသော မြေကွက်အား ထီးချိုင့်မြို့မဈေး တိုးချဲ့ အသုံးပြုရန် လွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **ပေလီမြို့ အမှတ်(၃)၊ လင်းသာရပ်ကွက် အတွင်းရှိ ပေလီရေလှောင်တမံ၏ တရားဝင်နယ်နိမိတ်သတ်မှတ်**

**ဧရိယာကို ဒေသခံပြည်သူများ ထင်ရှားစွာသိမြင်နိုင်အောင် သတ်မှတ်ပေးရန်နှင့် သတ်မှတ်ဧရိယာအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်မှုများကို ရပ်တန့်အောင် မည်ကဲ့သို့ တားဆီးပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ကျွဲ၊ နွား အရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပြီး ပြည်တွင်းတွင် ခိုင်းကျွဲ၊ နွား ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်တွင်း နွားမွေးမြူရေး စဉ်ဆက်မပြတ်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ထားကြောင်း သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ နယ်နိမိတ်များကို သတ်မှတ်ပြီး ကွက်ကျဲတိုင်းတာပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၏ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များကို အခြေခံပြီး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ် ဝမ်လုံကျေးရွာ တောင်သူလယ်သမား (၁၆)ဦးတို့၏ လယ်မြေဧက (၆၁)ဧကအား ဆည်ရေ လုံလောက်စွာရရှိစေရန် သာမန်ကျောက်စီကွန်ကရစ်ဆည်ကို (နမ့်ဟဲ)ချောင်းရေအား သွယ်တန်း၍ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သော ကော်မရှင် တစ်ခုကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦး အပါအဝင် အဖွဲ့ဝင် (၃)ဦးဖြင့် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုချက်တွင် ပြည်ပအဖွဲ့ဖြင့်စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်း နည်းလမ်းနှစ်သွယ်ပါရှိရာလွတ်လပ်သော နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည်စဉ်းစား ဆုံးဖြတ်ပေးရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၊

(ခ) ဦးလှငွေးဝင်း၊ ဇေယျာသီရိ မဲဆန္ဒနယ်၊

(ဂ) ဗိုလ်မှူးကြီးခင်မောင်ချို၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဃ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(င) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးမင်းသော်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဇ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ဈ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၊

(ည) ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(ဌ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(ဍ) ဗိုလ်မှူးကြီးမြင့်ချို၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဏ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၊

(တ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ထ) ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဒ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(ဓ) ဒုတိယဗိုလ်မှူးကြီးဝင်းကို၊ တပ်မတော်သားကိုယ်စားလှယ်၊

(န) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်၊

(ပ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။